
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 645 - 658)
စာစဉ် - ၄၇

# အပိုင်း ၆၄၅
# ကိုယ် မင်းကို လွမ်းတယ်

ကျူးကျွင်းယန်က ပျာယာခတ်သွားပြီး သူ့လက်မောင်းထက်မှာ ငိုကြွေးနေရှာတဲ့ မိန်းမပျိုလေးအား အမြန် နှစ်သိမ့်ပေးလိုက်ရင်း နူးညံ့စွာ ပြောလာသည်

"မငိုပါနဲ့ တိတ်နော် ဒီမင်းသားရဲ့အမှားပါ ကိုယ် မင်းကို တွေ့တွေ့ချင်း မဆူလိုက်သင့်ဘူး။ မင်း မပျော်ဘူးဆိုရင် ကိုယ့်ကို ရိုက်လိုက်။ မင်းရဲ့မျက်လုံးလှလှလေးတွေ ဖူးယောင်လာတဲ့အထိတော့ မငိုပါနဲ့ကွာ ဒီမင်းသား မခံစားနိုင်လို့ပါ"

"အူဝါး~~~ ကျွန်မ ရှင့်ကို လွမ်းနေတာ ကျွန်မ တကယ် အရမ်းအရမ်းလွမ်းနေတာ!!အစားစားတဲ့ အချိန်လည်း ရှင့်အကြောင်း တွေးမိတယ် အိပ်တဲ့အခါလည်း ရှင့်ကို အိပ်မက်မက်တယ် ကျွန်မ အခု ရှင့်ကို တွေ့နေတာတောင် အိပ်မက်မက်နေတာများလား နိုးလာတဲ့အခါ ထပ်ပြီး ပျောက်ကွယ်သွားမှာလားဆိုပြီး စိုးရိမ်နေမိတာ ဝါး... ရှင်က တကယ် မုန်းဖို့ကောင်းလိုက်တာ ကျွန်မတို့ စေ့စပ်ပြီးပြီးချင်း ကျွန်မကို မြို့တော်မှာ ထားခဲ့ပြီး ပျောက်သွားတော့တာပဲ။ အနောက်မြောက်ပိုင်း မျိုးနွယ်စု မိန်းမပျိုလေးတွေက ကြည်နူးစရာကောင်းနေလို့ ပြန်မလာချင်ဖြစ်နေတာမလား"

အစပိုင်းမှာ ကျူးကျွင်းယန်က သူမစကားတွေကြောင့် စိတ်လှုပ်ရှား ခံစားသွားရသည်။ သူ့ကောင်မလေးက နောက်ဆုံးတော့ နားလည်သဘောပေါက်သွားပြီး သူ့ခံစားချက်တွေကလည်း နောက်ဆုံးမှာ အပြန်အလှန် ဖြစ်သွားခဲ့ပြီ။ သို့သော် သူ့ကောင်မလေးရဲ့ နောက်ပိုင်းစကားတွေကို ကြားလိုက်ရတဲ့အခါ ရယ်ရမလို ငိုရမလို ဖြစ်သွားသည်။ သူမကတော့ တကယ်ကို သူ့ကောင်မလေးပါပဲ။ စိတ်ထိခိုက်ခံစားနေမှုက သုံးစက္ကန့်ခန့်သာ ကြာသည်။

"ကောင်းပါပြီကွာ ကိုယ်နားလည်ပါပြီ ဒီနေ့က အိပ်မက် မဟုတ်ပါဘူး။ ဒီမင်းသားက မင်းရှေ့တည့်တည့်မှာ ရှိနေတာ နောက်ဆိုရင် ဒီမင်းသား ဘယ်သွားသွား မင်းကို တစ်ယောက်တည်း ထားမခဲ့ဘဲ အတူခေါ်သွားမှာ။ မငိုနဲ့တော့ တိတ်တော့နော် တိုင်းတစ်ပါးမျိုးနွယ်စု မိန်းမပျိုလေးတွေက ကိုယ့်ကောင်မလေးလောက် ဘယ်လိုလုပ် ချစ်ဖို့ကောင်းမှာလဲ။ ဒီမင်းသားက မင်းကိုအများကြီး ချစ်တာမို့ ကိုယ့်မျက်လုံးထဲမှာ တခြားမိန်းကလေးတွေက စစ်တပ်ထဲက ယောကျ်ားလေးတွေနဲ့ အတူတူပဲ"

ကျူးကျွင်းယန်က ရှောင်ချောင်းရဲ့ မျက်နှာကို ထိကိုင်လျက် သူ၏အနည်းငယ် မာကြမ်းနေသော လက်တို့ဖြင့် မျက်နှာပေါ်က မျက်ရည်တွေ သုတ်ပေးလာသည်။

ယွီရှောင်ချောင်းက ခေါင်းမော့လျက် သူမရှေ့က နှစ်သက်ကြည်နူးဖွယ်နူးညံ့သောမျက်နှာကို ကြည့်လိုက်သည်။ သူ့ရဲ့ စွဲမက်ဖွယ် ဖီးနစ်မျက်ဝန်းတို့၌ ဝမ်းနည်းနေသော အရိပ်အယောင်တို့ ရှိနေသည်။ သူရဲ့ နီမြန်းနေသော နှုတ်ခမ်းဖူးဖူးက အနည်းငယ် ပွင့်ဟလျက် သာယာကြည်နူးဖွယ် အသံကို မြွက်ဟနေသည်။ ဒါအိပ်မက်ပဲ ဖြစ်ရမည်။ အနောက်မြောက်ပိုင်းဒေသရှိ စစ်မြေပြင်ဆီသို့ တစ်နှစ်ကျော်ကြာ သွားရောက်တိုက်ပွဲဝင်ခဲ့ရသူက

ဘယ်လိုလုပ် ပိုကြည့်ကောင်းလာနိုင်မှာလဲ။

ဖွင့်ထားသော ဘုံပိုက်ခေါင်းကဲ့သို့ သူမရဲ့ ကြီးမားကြည်လင်သော မျက်လုံးများမှ မျက်ရည်ဥတို့က မျက်တောင်တို့ပေါ် တွဲခို ခုန်ဆင်းနေသည်မှာ မရပ်တန့်တော့ပေ။ သူမက နှာခေါင်းတရှုံ့ရှုံ့နှင့် သူမလက်သေးသေးလေးကို မြှောက်ကာ ပါးစပ်နဲ့ ကိုက်ဖို့ ဟန်ပြင်လိုက်သည်။ ကျူးကျွင်းယန်က လျင်မြန်စွာဖြင့် သူ့လက်နဲ့ အစားထိုးလိုက်သည်။ အကိုက်ခံနေရတာ သူ့လက်မဟုတ်သည့်အတိုင်း ချောမောလှသော မျက်နှာက ပြုံးနေရင်း စိတ်ခံစားချက် ပေါ့ပါးသွားအောင် စနောက်လိုက်သေးသည်

"ဘာလဲ ဒီမင်းသား မြို့တော်မှာ မရှိတုန်း မင်းကို ဝက်လက်ကင် ယူလာပေးမယ့်သူ မရှိဘူးလား။ ဝက်လက်ကို တကယ် စားချင်လွန်းလို့ ကိုယ့်လက်ကို ပြန်ကိုက်စားနေတာလား။ မင်း ပိုပိုပြီး ပိန်လာတာ မထူးဆန်းတော့ပါဘူး။ ဒီမင်းသားအနားမှာ မရှိတုန်း အစား ကောင်းကောင်း မစားဘူးနဲ့တူတယ် မင်းကို အပြစ်ပေးရတော့မှာပဲ"

"ဝါး~~~"

အငိုရပ်ခါစ ရှောင်ချောင်းက ထပ်ငိုကြွေးပြန်သည်။ ဒီတစ်ခါ သူမရဲ့ငိုသံက ပိုလို့ပင် ဝမ်းနည်းနေပုံ ပေါက်ပြီး အဆုံးမရှိ ငိုကြွေးနေပြန်သည်။

"ဘာဖြစ်လို့လဲ ကိုယ် မင်းကို အပြစ်မပေးပါဘူး။ ဒီမင်းသားက မင်းကို ဘယ်လိုလုပ် ရိုက်ရက်မှာလဲ မင်းတစ်ယောက်ပဲ ကိုယ့်ကို ရိုက်လို့ရတာ ဒီမင်းသားက မင်းကို စိတ်မပျော်အောင် လုပ်မိသွားရင် ကိုယ့်ကို ရိုက်ပြီး အပြစ်ပေးလိုက်!"

သူက ပြောရင်းနှင့်ပင် ရှောင်ချောင်းရဲ့ နူးညံ့သေးကွေးသော လက်ကလေးကို ယူပြီး သူ့ကိုယ်သူ အကြိမ်အနည်းငယ် ရိုက်လိုက်သည်။

"ဝါး… ကိုယ့်လက်ကို ကိုက်လိုက်တာ နာလည်းမနာဘူး ငါ တကယ်ကြီး အိပ်မက်မက်နေပြန်ပြီ…"

ရှောင်ချောင်းတစ်ယောက် ငိုတာ မရပ်နိုင်တော့ပေ။ ဂူထုန်က သူ့သခင်မလေး တော်ဝင်မင်းသားယန်ဆီ အပြေးသွားလိုက်တာကို မြင်တာနဲ့ ခြံဝန်းထဲက လူတွေအားလုံးကို ရှင်းထုတ်ပြီး ခပ်ဝေးဝေးသို့ တိတ်တဆိတ် သွားလိုက်ကြသည်။ ဒီအချိန်တွင် ကျယ်ဝန်းလှသော ခြံဝန်းထဲ၌ ကျူးကျွင်းယန်နှင့် ရှောင်ချောင်းသာ ရှိတော့သည်။

သူမရဲ့ စကားတွေကို ကြားလိုက်ရတော့ ကျူးကျွင်းယန်က ရယ်ရမလား ငိုရမလားပင် မသိတော့ပေ။ သူ့လက်ပေါ်က သွားရာသေးသေးလေးတွေကို ပြလျက် ပြောလိုက်သည်

"ငတုံးမလေး မင်းက ဒီမင်းသားရဲ့လက်ကို ကိုက်နေခဲ့တာလေ ဘယ်လိုလုပ် နာကျင်မှုကို ခံစားရမှာလဲ။ မင်းကိုယ်မင်း ကိုက်တာ ဆိုရင်တောင် ဒီမင်းသားက ဘယ်လိုလုပ်ပြီး မင်းကို အနာတရ ဖြစ်ခွင့်ပေးနိုင်မှာလဲ"

ယွီရှောင်ချောင်းက သွားရာတွေကို အချိန်အတော်ကြာ စိုက်ကြည့်နေပြီးနောက် အနည်းငယ် ရှက်ရွံ့စွာနှင့် အငို ရပ်သွားတော့သည်

"ဒီတစ်ခါ တကယ် အိပ်မက်မဟုတ်ပါဘူးနော်"

"အိပ်မက် မဟုတ်ပါဘူး ဒီမင်းသားပြန်ရောက်လာပြီ ကိုယ် မင်းရှေ့မှာ တကယ် ရောက်နေတာ မင်း ကိုယ့်ကို မယုံရင်… ကိုယ့်မျက်နှာကို ဆွဲဆိတ်ကြည့်ရင်ရော"

ကျူးကျွင်းယန်က သုံးနှစ်အရွယ်ကတည်းက တခြားသူတွေ သူ့မျက်နှာဆွဲဆိတ်တာကို ခါးခါးသီးသီး ငြင်းဆိုခဲ့သည်။ အရင်က ရှောင်ချောင်း သူ့မျက်နှာဆွဲဆိတ်တာကိုလည်း အကျောက်အကန် ငြင်းဆိုခဲ့၏။ ဒီတစ်ခါ

ရှောင်ချောင်းကို သူ့မျက်နှာ ဆွဲဆိတ်ခွင့်ပေးလိုက်တာက ဒီအခြေအနေဟာ အစစ်အမှန်နဲ့ မတူဘူးလို့ သူမကို ချက်ချင်း ထပ်မံ ခံစားရစေပြန်သည်။

ကောင်မလေးရဲ့ မျက်နှာက ရှုံ့မဲ့သွားပြီး သူမရဲ့ မျက်ဝန်းတို့ထဲ၌ မျက်ရည်တွေ ဝေ့ဝဲလာတာကို တွေ့လိုက်ရတော့ ကျူးကျွင်းယန် ဘာလုပ်ရမယ်မသိဖြစ်သွားသည်။ ရုတ်တရက် အတွေးတစ်ခု ပေါ်လာပြီး ငုံ့ကိုင်းလျက် မိန်းမပျိုလေး၏ ကျယ်လောင်သော အော်ငိုသံကို သူ့ရဲ့ နွေးထွေးပြည့်ဖူးသော နှုတ်ခမ်းတစ်စုံဖြင့် ရပ်တန့်လိုက်သည်။

ယွီရှောင်ချောင်းတစ်ယောက် မျက်လုံးတွေ ပြူးကျယ်သွားလျက် သူ့ရဲ့ စွဲမက်ဖွယ် တောက်ပလှတဲ့ ဖီးနစ်မျက်ဝန်းထဲမှ ပြင်းပြလှတဲ့ ချစ်ခြင်းမေတ္တာကို တွေ့မြင်လိုက်ရသည်။ နူးညံ့ပြီး နှစ်လိုဖွယ် ရနံ့ရှိတဲ့ သူ့ရဲ့ နှုတ်ခမ်းပါးတို့က သူမနှုတ်ခမ်းတို့အပေါ်မှာ ခပ်တင်းတင်း ဖိကပ်ထားသည်။ ရုတ်တရက် ဆန်သော အနမ်းက နက်နဲသော တောင့်တမှု ခံစားချက်တို့နှင့် ပြည့်နှက်နေသည်။ ပြင်းထန်သောမုန်တိုင်းတစ်ခုက သူမထံသို့ ရုတ်တရက် တိုက်ခတ်သွားသလိုပင်။

သူ့ရဲ့ သန်မာအားကောင်းသော လက်တို့က သူမရဲ့ သေးသွယ်သော ခါးလေးကို လစ်လပ်နေသော ကြားနေရာမရှိအောင်ပင် ခပ်တင်းတင်း ပွေ့ဖက်ထားသည်။ သူတို့နှုတ်ခမ်းတွေ ထိကပ်နေရင်း လျှာအချင်းချင်းကလည်း အလိုအလျောက် အတူတကွ လိမ်ယှက်နေကြသည်။ သူမကျောပြင်ကို ပွေ့ဖက်လိုက်ပြီးနောက် သူမရဲ့ ပိုးသားကဲ့သို့ နူးညံ့ပျော့ပျောင်းသော ဆံနွယ်တို့ကို ပင့်မ လိုက်ရင်း ဂုတ်ပိုးထက်က နူးညံ့သော အသားအရေကို အသာအယာ ပွတ်သပ်လျက် သူနဲ့နီးရာဆီသို့ ဆွဲယူလိုက်သည်။

သူ့ရဲ့အနမ်းက နူးညံ့သော်လည်း ကြီးစိုးခြယ်လှယ်နိုင်လှသည်။ သူ့နှုတ်ခမ်းပါးတို့မှ လန်းဆန်းသော အသက်ရှူသံတို့က သူမအား ဝိုင်တစ်ခွက်

သောက်နေရသည့်အတိုင်း ရီဝေ ယစ်မူးစေသည်။ သူမရဲ့ သံသယနှင့် စိုးရိမ်မှုတွေအကုန် ဘေးဖယ်ထားလိုက်ပြီး သူမရဲ့သေးသွယ်သော လက်တို့ကို သူ့ရဲ့ လှပသော လည်တိုင်ပေါ်သို့ သိုင်းဖက်ထားလိုက်ရင်း သက်သောင့်သက်သာရှိကာ ချို့မြိန်သော အမူအရာဖြင့် သူမမျက်လုံးတွေကို မှိတ်လိုက်တော့သည်။ ဤအခိုက်အတန့်၌ သူမစိတ်ထဲမှ လစ်ဟာနေမှုက အပြည့်ခံလိုက်ရပြီး စိတ်ရှုပ်ထွေးမှုအားလုံး ပယ်ပျောက်သွားကာ သူမအတွေး အားလုံးက သူ့အား နူးညံ့စွာ ရစ်ဝဲပတ်နေသော လေပြည်လေး အဖြစ်သို့ ပြောင်းလဲသွားသည်။

အချိန်တစ်ခုကြာပြီးနောက် ရှောင်ချောင်းရဲ့ ညို့ယူဖမ်းစားခံနေရမှုက အသက်ရှုသံပြင်းပြင်းရဲ့ရပ်တန့်ခြင်းကို ခံလိုက်ရသည်။ သူမနှုတ်ခမ်းပေါ်မှ အထိအတွေ့က ကွယ်ပျောက်သွားပြီး အသာတွန်းခံလိုက်ရကာ အကွာအဝေးတစ်ခု ခြားလိုက်သည်။ သူမက နှုတ်ခမ်းဆူလျက် သူ့ကို ထပ်နမ်းပြန်သည်။ ဒီလိုနီးကပ်သော ထိတွေ့မှုကသာ သူမကို စိတ်အေးစေဟန်တူသည်။

ကျူးကျွင်းယန်က သူ့လက်ထဲမှ နူးညံ့သော မိန်းမပျိုလေးကို တွန်းဖယ်မပစ်လိုက်ပေ။ သူက အသက်ပြင်းပြင်း တစ်ချက် ရှူလျက် သူ့ရဲ့စိတ်လှုပ်ရှားပြီး အနားမရသော နှလုံးသားလေးအား ငြိမ်သက်အောင် ပြုလုပ်လိုက်ရသည်။ ဒီကောင်မလေးကို လက်ထပ်ပြီး ချက်ချင်းပဲ အိမ်ခေါ်သွားချင်လှသည်။ ဒီလိုသာ နောက်ထပ်အကြိမ်အနည်းငယ် ထပ်ဖြစ်ခဲ့ရင် သူသေချာပေါက် စိတ်ထိန်းနိုင်မည် မဟုတ်ပေ။

မိန်းမပျိုလေးရဲ့ သူ့အပေါ် တွယ်ကပ်နေမှုက ငှက်မွေးတစ်ချောင်းနဲ့ သူ့နှလုံးသားကို လာထိကစားနေသလိုပင် ခံစားနေရသည်။ သူ့ရဲ့ ကြိုးစားအားထုတ်မှုနှင့် ခံစားချက်အားလုံးက တစ်ဖက်သက်သာ ဖြစ်သည်ဟု

အစက တွေးထင်နေခဲ့မိသည်။ ဒီကောင်မလေးက အချစ်ကို ရှင်းရှင်းလင်းလင်း မသိနားမလည်သေးသော ကလေးတစ်ယောက်နှင့် တူပြီး လောကကြီးအကြောင်း ဘာမှ ဂရုမစိုက်ဘဲ အမြဲ ရွှင်မြူးစွာ ရယ်မောနေတတ်သည်။

ထင်မှတ်မထားဘဲ ဒီခွဲခွာရမှုကနေ ကြည်နူးဖွယ် အံ့ဩသင့်စရာတစ်ခု ရရှိခဲ့သည်။ သူ့ရဲ့ ခံစားချက်တွေက နောက်ဆုံးမှာ အပြန်အလှန် ဖြစ်လာခဲ့ပြီ။ ကောင်မလေး သူ့ကို တွယ်ကပ်နေပုံက သူမွေးခဲ့ဖူးသော ကြောင်ပေါက်လေးတစ်ကောင်ကို အမှတ်ရမိသွားသည်။ အာရုံစိုက်ခံချင်တဲ့အခါ ကြောင်ပေါက်လေးက သူ့ဘောင်းဘီကို ခပ်တင်းတင်း ကုတ်ဆွဲထားတတ်ပြီး ချော့မြူ ပွေ့ဖက်ခံချင်တိုင်း စိုက်ကြည့်နေတတ်သည်။ သူ့နှလုံးသားလေးက ပျော်ရွှင်မှုနှင့် ပြည့်နှက်နေသည်။ ကျူးကျွင်းယန်က မိန်းမပျိုလေး၏ သေးသွယ်သောခါးလေးကို ပွေ့ဖက်ပြီး အသာ ပွေ့ချီလိုက်သည်။ ရှောင်ချောင်းက အထိတ်တလန့် အော်လိုက်မိပြီးနောက် သူမခြေထောက်က မြေကြီးနဲ့ ထိမနေတာကို သိလိုက်ရသည်။ သူမအောက်သို့ ရုတ်တရက် အကြည့်လွှဲကြည့်ပြီးနောက် သူမက ကလေးတစ်ယောက်လို လေထဲ ပင့်မြှောက်ချီထားခံရတာကို သတိထားမိသည်။ သူမမှာ အမြဲတမ်း အံ့အားသင့်စေတတ်တဲ့ ကြံ့ခိုင်သန်မာသည့် ခင်ပွန်းလောင်းရှိနေတာပဲ။

သူမရဲ့ တအံ့တဩ အော်လိုက်သံက စိတ်ထဲမှာ 'ကျင့်ဝတ်နဲ့ မညီတဲ့အရာကို မကြည့်မိဖို့' ရေရွတ်နေသော ဂူထုန်ရဲ့ အကြည့်ကို ဆွဲဆောင်လိုက်သည်။ သူမ လှမ်းကြည့်လိုက်တဲ့အခါ လှပသော မြင်ကွင်းကို တွေ့မြင်လိုက်ရသည်။ လူးလွင့်လှုပ်ခတ်နေသော ရွှေဝါရောင် ဂင်းခိုးရွက်တို့ ကြားထဲ၌ အရပ်ရှည် သန်မာပြီး ချောမောသည့် လူငယ်လေးက လှပသေးသွယ်ပြီး ချစ်စဖွယ်ကောင်းသည့် မိန်းမပျိုလေးကို လေထဲမှာ မြှောက်ချီထားသည်။

သူတို့ရဲ့ ခန္ဓာကိုယ်ထက်တောက်ပနေသော နေလုံးက သူတို့အပေါ်မှာသာ အလင်းတန်းတို့ ဖြာကျနေသလိုပင်။ ထိုနှစ်သက်အံ့ဩဖွယ် မြင်ကွင်းက မမေ့နိုင်စရာပင်။

သခင်မလေးရဲ့ မျက်နှာပေါ်မှ တောက်ပသောအပြုံးကို ကြည့်ပြီး သုန်မှုန်နေသော ခံစားချက်တို့ အားလုံး ပျောက်ကွယ်သွားသည်။ တော်ဝင်မင်းသားယန်က သခင်မလေးအတွက် ကောင်းကင်ဘုံက အထူးစီစဉ်ပေးထားတဲ့ ဖူးစာဖက် ဖြစ်နိုင်တယ်ဟု ဂူထုန် ခံစားမိသည်။ သူတို့နှစ်ယောက် အတူရှိနေမှသာ ပြည့်စုံသည့်အတိုင်းပင်။

"မင်း ဘာလို့ ထပ်ပြီး ပိန်သွားရပြန်တာလဲ အစား သေချာ မစားဘူးလား"

ရှောင်ချောင်းကို အောက်ချလိုက်ပြီးနောက် ကျူးကျွင်းယန်က အားနည်းနည်း စိုက်လိုက်တာနဲ့ ရှောင်ချောင်းရဲ့ လက်မောင်းသေးသေးလေးတွေက ကျိုးသွားမည့်ပုံ ပေါ်သည်ဟု ခံစားလိုက်မိသည်။ ထို့ကြောင့် သူက အနည်းငယ် မကျေမနပ်ဖြစ်ကာ မေးလိုက်သည်။

ယွီရှောင်ချောင်းက မြေကြီးပေါ် ရောက်ပြီးနောက်မှာပင် သူမချစ်သူရဲ့ ရင်ခွင်ထဲ၌ အရိုးမရှိသည့်အတိုင်း မှီတွဲနေလေသည်။ သူမက ကလူ၏သို့ မြူ၏သို့ အမူအရာလေးနှင့် ပြန်ဖြေလာသည်

"ဘာလို့ဆို ကျွန်မ ရှင့်ကို လွမ်းနေလို့လေ စားချင်စိတ်လည်း မရှိဘူး အဏ္ဏဝါဟင်းချိုတောင် စားချင်စရာ မကောင်းတော့ဘူး။ စားစရာတွေ ဘယ်လောက်ကောင်းကောင်း ရှင် ယူပေးတာမဟုတ်တော့ မစားနိုင် ဖြစ်နေတာ"

သူမက ပြောရင်း ခြေဖျားထောက်လျက် ကျူးကျွင်းယန်၏ မေးဖျားကို လှမ်းနမ်းလိုက်သည်။

"အဟွတ် အဟွတ်"

ကျူးကျွင်းယန်က သူ့ဇနီးလောင်းလေးရဲ့ ရုတ်တရက် မကွယ်မဝှက် ဆိုလာတဲ့ ချစ်စကားတို့ကြောင့် ခေတ္တ စိတ်လှုပ်ရှားသွားရသည်။ သူက ခေါင်းငုံ့လျက် သူမရဲ့ နီမြန်းနေသော နှုတ်ခမ်းပါးလေးကို နမ်းလိုက်ပြီးနောက် ပြောသည်

"ဒါဆို ဒီမင်းသားမှာ အစားအသောက်ဆက်သရမယ့် အခန်းကဏ္ဍ ရှိနေတာပဲ ကိုယ် ဘယ်လိုလုပ်ပြီးများ မသိခဲ့ရပါလိမ့်"

ယွီရှောင်ချောင်း ရုတ်တရက် မထိပြုံး ပြုံးလိုက်ခြင်းက ကျူးကျွင်းယန်ရဲ့ စိတ်ထဲ လေးပင်သွားမိသည်။ ယေဘုယျအားဖြင့် ဤအပြုံးမျိုးက သူမလေး ကျီစယ်စနောက်တော့မည်ဟုသည့် ရှေ့ပြေးနိမိတ် ဖြစ်သည်။ အမှန်ပင်။ သူမက ခေါင်းခါလျက် ပြောလာသည်

"ရှေးလူကြီးတွေ ပြောတဲ့အတိုင်းဆို ‘မျက်စိ အစာကျွေးတာ’ တဲ့"

သူမက ထိုသို့ပြောရင်း ညာလက်ကို ဆန့်ထုတ်ကာ သူ့ရဲ့ ချွန်မြမြ မေးလေးကို လက်ညှိုးနှင့် လက်မ ဖိကိုင်ဆွဲလိုက်သည်။ သူမက ရမက်ပြည့်နေသော အမူအရာကို လုစ်ဟပြလျက် ပြောလာသည်

"ဒီသိမ်မွေ့လှပပြီး နတ်ဆိုးဆန်ဆန် ချောမောတဲ့ မျက်နှာလေးကို ကြည့်နေရရင် အရံဟင်းတစ်ခုမှ မပါရင်တောင် ထမင်း နှစ်ပန်းကန်လောက် ထပ်စားနိုင်သေးတယ်"

ဒီကမ္ဘာပေါ်မှာ သူ့ရဲ့ ပုံပန်းသွင်ပြင်ကို စနောက်ရဲသည့် တစ်ဦးသောသူက ဒီရဲတင်းပြီး ကလူကျီစယ်တတ်တဲ့ ကောင်မလေးတစ်ယောက်သာ ရှိသည်။ သူ့ကို လှပတယ်ဟု ပြောဆိုခဲ့တဲ့ နောက်ဆုံးတစ်ယောက်က နှစ်ဝက်ကြာ အိပ်ရာထဲက မထနိုင်ဖြစ်ခဲ့ရသည်။ အဲ့ဒီနောက် ထိုပုဂ္ဂိုလ်က သူနဲ့မတွေ့

အောင် အမြဲ ရှောင်နေတော့သည်။

သူကိုယ်တိုင် ရွေးချယ်ထားတဲ့ ကောင်မလေးကိုတော့ သူဘာလုပ်နိုင်မှာလဲ။ ဒါ့အပြင် သူမက သူ့ပုံပန်းသွင်ပြင်အပေါ် သဘောကျနှစ်သက်တဲ့ အချက်ကြောင့် သူ့နှလုံးသားထဲမှာ ခပ်ရေးရေး ပျော်ရွှင်နေမိသည်။

"တော်ဝင်မင်းသားယန်ရဲ့ အနာဂတ်ကြင်ရာတော်မင်းသမီးလေးကို အစားအသောက်ဆက်သရတာ ဂုဏ်ယူဝမ်းမြောက်မိကြောင်းပါဗျာ ကောင်းပါပြီ ဒီည မင်း အနည်းဆုံး ထမင်းသုံးပန်းကန် စားရမယ်။ စကားကို ပြန်ရုတ်သိမ်းလို့ မရဘူး"

ကျူးကျွင်းယန်က ကောင်မလေးရဲ့ အစားအသောက်ကို ကြီးကြပ်ပေးဖို့ နောက်ရက်အနည်းငယ်ကြာ ယွီအိမ်တော်ဆီ လာဖို့ရန် ဆုံးဖြတ်လိုက်သည်။ သူ့ရဲ့ နောက်ပန်းတိုင်က ကောင်မလေးရဲ့ ကျသွားတဲ့ ကိုယ်အလေးချိန်ကို ပြန်တိုးလာစေဖို့ ဖြစ်သည်။ သူမ ဒီထက်ပိုပိန်သွားခဲ့ရင် ထင်းချောင်း တစ်ချောင်းအဖြစ် ပြောင်းသွားတော့မည်။ သူမကို ဒီပုံစံအတိုင်းသာ တခြားဘေးလူတွေ မြင်လိုက်ရင် တော်ဝင်မင်းသားယန်က သူ့ဇနီးကိုတောင် ကျွေးမွေးချင်စိတ်မရှိတဲ့ ကပ်စေးနှဲကော်တရာဟု ထင်ကုန်ရော့မည်။

ထမင်းသုံးပန်းကန်? ယွီရှောင်ချောင်းက သူမရဲ့ ပြူးကျယ်ဝိုင်းဝန်းသော မျက်လုံးတို့ဖြင့် စိုက်ကြည့်ပြီး မကျေမနပ်နဲ့ ညည်းညူတော့သည်

"ရှင် ကျွန်မကို ဗိုက်ပေါက်ထွက်သွားတဲ့အထိ စားခိုင်းနေတာလား။ ရှင် မှန်မှန်ပြော! ဒဏ်ရာ ရခဲ့သေးလား ကျွန်မ ရှင့်ကို ပေးထားတဲ့ဆေးတွေက ရော အာနိသင်ပြရဲ့လား"

"မင်း ကိုယ့်ကိုပေးခဲ့တဲ့ဆေးက အသုံးဝင်ပါတယ် ဒါပေမဲ့ စိတ်မပူပါနဲ့ ကိုယ့်အတွက် မသုံးခဲ့ရပါဘူး"

ကျူးကျွင်းယန်က နယ်စပ်ဒေသမှ အဓိကရဏ်းတွေအကြောင်း သူမအား အကျဉ်းချုံး ပြန်ပြောင်း ပြောပြလာသည်။ အနောက်မြောက်ပိုင်းဒေသတွင်း ပုန်ကန်မှုက တိုင်းတစ်ပါးသားတွေ နယ်စပ်ဒေသသို့ ရိုးရိုးတန်းတန်း ကျူးကျော်ဝင်ရောက်မှုမျိုး မဟုတ်ခဲ့ပေ။ တကယ်တော့ အရင်မင်းဆက်မှ မျိုးဆက်တွေလည်း တိုက်ပွဲထဲမှာ ပါဝင်ခဲ့သည်။

အရင်မင်းဆက်ရဲ့ ကိုယ်ခံပညာကျွမ်းကျင်ပညာရှင်များက ထောင်ချီသော စစ်သည်တော် အုပ်စုထဲ၌ ပုန်းအောင်နေလိမ့်မည်ဟု သူ ဘယ်တုန်းကမှ ထင်မထားခဲ့ပေ။ သူတို့ထဲမှာ စူးရန်နှင့်အတူ လေ့ကျင့်သင်ကြားခဲ့သော ဆရာကြီးတစ်ယောက်ရှိပြီး သူ့ကို ခွဲခြားရ အမြဲခက်သည်။ သို့သော် အလင်းဝင်လာခဲ့သော စူးရန်နှင့် မတူဘဲ ဒီလူက အရင်မင်းဆက်ကို ရူးရူးမူးမူး ထောက်ခံသူ ဖြစ်သည်။ သူက အရင်မင်းဆက်အပေါ် အလွန် သစ္စာကြီးသူ ဖြစ်တာကြောင့် စူးရန်၏သစ္စာဖောက်မှုကို မုန်းတီးနေခဲ့သည်။ ထို့ကြောင့် ရန်ရင်းဆန်ခတ်အခြေအနေကို အခွင့်ကောင်းယူလျက် စစ်တပ် အကြံပေး စူးရန်ကို တိုက်ခိုက်ခဲ့သည်။

အစကတော့ သူတို့နှစ်ယောက်ကြားမှာ မည်သူက ကိုယ်ခံပညာ ပိုမို ကျွမ်းကျင်သည်ကို ခွဲခြားရန် ခက်ခဲခဲ့သည်။ သို့သော် သေးသိမ်ပြီး မရိုး ဖြောင့်သော နည်းလမ်းတွေနှင့် ထပ်ပေါင်း တိုက်ခိုက်ခံရသောအခါ ထို လူ၏လက်ထဲ၌ စူးရန်တစ်ယောက် အသက်ဆုံးရှုံးတော့မလိုပင် ဖြစ်ခဲ့ရ သည်။ ကံကောင်းစွာနှင့် ထိုအချိန်တွင် သူ့ဘေး၌ ကျူးကျွင်းယန် ရှိနေခဲ့ သည်။ ဒဏ်ရာရပြီး သေလုမြောပါး ဖြစ်နေသော စစ်တပ်အကြံပေးစူးကို တွေ့တဲ့အခါ သူက တွန့်ဆုတ်မနေဘဲ ရှောင်ချောင်းပေးထားတဲ့ အတွင်း ဒဏ်ရာကုသဆေးကို အသုံးပြုပြီး ဆေးတွေအကုန်လုံး စူးရန်ကို ပေးလိုက် သည်။

***